

# ရုပ်ရှင်ဇာတ်လမ်းပုံစံ ဖန်တီးထားတဲ့ STAR WARS THE OLD REPUBLIC

Star Wars ဆိုတဲ့ အသံကြားလိုက်တာနဲ့တင် ဘာမှန်း မသိရသေးဘူး၊ ဒီ game ကိုဝယ်မယ်၊ ဆော့မယ်ဖြစ်တဲ့သူ Star Wars Fan တွေ ဒီကမ္ဘာပေါ်မှာ သန်းနဲ့ချီရှိနေပါတယ်လို့ပြောရင် မလွန်ဘူးလို့ ထင်ပါတယ်။ »

ရုပ်ရှင်၊ ကာတွန်း၊ စာစောင်၊ ဝတ္ထု အမျိုးစုံနဲ့ ပရိသတ်တွေကို ဖမ်းစားနေနိုင်ဆဲဖြစ်တဲ့ Star Wars ဇာတ်လမ်းတွဲကြီးဟာ PC game အများအပြားနဲ့ လူကြိုက်များခဲ့ဖူးပြီး ယခုတစ်ကြိမ်မှာလည်း ဒုတိယမြောက် MMORPG အမျိုးအစားအသစ်အဖြစ် Star Wars : The Old Republic ထွက်ရှိလာပါတော့မယ်။

ဒီ game အသစ်ကို စီစဉ်ရေးဆွဲသူကလည်း EA က ပိုင်ဆိုင်ထားတဲ့ Bioware ကုမ္ပဏီဖြစ်ပါတယ်။ လွန်ခဲ့တဲ့ နှစ်အနည်းငယ်အတွင်းမှာ အကောင်းဆုံး role playing game တွေနဲ့ အအောင်မြင်ဆုံးဖြစ်လာခဲ့တဲ့ Bioware ဟာ အခုအချိန်မှာ game အမျိုးစုံကို တစ်ပြိုင်နက်တည်း ရေးဆွဲနေတဲ့ studio ၄ ခုအထိ ပိုင်ဆိုင်ထားပါတယ်။ ယင်းတို့မှ ရေးဆွဲ အောင်မြင်ခဲ့တဲ့ နာမည်ကျော် game series တချို့မှာ Star Wars : Knights of the Old Republic ၊ Mass Effect ၊ Dragon Age Origins တို့ဖြစ်ပြီး ယခုလက်ရှိမှာ Mass Effect 3 နဲ့ Dragon Age III တို့ကို ရေးဆွဲလျက်ရှိပါတယ်။

## ဇာတ်လမ်းအနေအထား

ယခု game အသစ်ရဲ့ ဇာတ်လမ်းဟာ ၂၀၀၃ ခုနှစ်က Bioware မှ ထုတ်ခဲ့ဖူးတဲ့ Star Wars : Knights of the Old Republic ဇာတ်လမ်းတွေအပြီး နှစ် ၃၀၀ အကြာ၊ ဒါမှမဟုတ် Star Wars ရုပ်ရှင် ဇာတ်လမ်းတွေမဖြစ်ပေါ်မီ နှစ်ပေါင်း ၃,၅၀၀ ကျော်အချိန်ကာလမှာ ဇာတ်အိမ်တည်ထားပါတယ်။ ၂၈ နှစ်ကြာ Great Galactic စစ်ပွဲကြီး ပြီးဆုံးပြီးနောက်ပိုင်း Coruscant စာချုပ်အရ Sith Empire နဲ့ Galactic Republic တို့ ၂ ဖွဲ့အကြားက ငြိမ်းချမ်းရေးကာလဟာ ခပ်ပါးပါးသာ ရှိနေတော့တဲ့ အချိန်၊ နောက်ထပ်စစ်ပွဲတွေအတွက် ကြိုတင်တာဆူနေတဲ့ အချိန်လို့ ဆိုနိုင်ပါတယ်။

ဆော့ကစားသူဟာ Jedi တွေပါဝင်ဖွဲ့စည်းထားတဲ့ Galactic Republic နဲ့ Sith တွေဦးဆောင်တဲ့ Sith Empire စတဲ့ အဓိကဂိုဏ်းအဖွဲ့ကြီး ၂ ဖွဲ့ကို ရွေးချယ် ကစားရပါတယ်။ တစ်ဖွဲ့ချင်းစီမှာလည်း ပုံသဏ္ဌာန်ဆင်တူလျက်ရှိတဲ့ class တွေ ပါဝင်ပါတယ်။ လက်ရှိသိရသမျှ class တွေကတော့ Sith Empire ဘက်မှာ Bounty Hunter၊ Sith Warrior၊ Imperial Agent ၊ Sith Inquisitor တို့ဖြစ်ပြီး Galactic Republic ဘက်မှာတော့ Trooper ၊ Smuggler ၊ Jedi Knight ၊ Jedi Consular တို့ဖြစ်ပါတယ်။ ဒါပေမဲ့ တွေ့နေကျ MMO game တွေမှာလိုမျိုး မိမိဇာတ်ကောင်ရဲ့





class အမျိုးအစားကို ခွဲခြား ကန့်သတ်ထားတာ ဥပမာ – Healer၊ Tank၊ Melee၊ Range မရှိပါဘူး။ အခု game မှာ class တွေကို တိုက်ပွဲအခြေအနေ ၊ လက်နက်ပုံစံတွေအရ Melee၊ Ranged စတာတွေပြောင်းလဲပြီး gameplay ကို အမျိုးစုံ တွေ့ကြုံကစားရနိုင်ပါတယ်။

Game ရေးဆွဲသူ Bioware ရဲ့အဆိုအရ ယင်းတို့ ဖန်တီးရေးဆွဲတဲ့ gameပုံစံဟာ ရုပ်ရှင်ဇာတ်လမ်း တစ်ခုလိုမျိုး တွေ့မြင်ခံစားရအောင် ဖန်တီးထားကြောင်း၊ ကစားသူအနေနဲ့လည်း ရုပ်ရှင်ထဲမှာ ကိုယ်တိုင်ပါဝင် လုပ်ဆောင်နေရသလို ခံစားရအောင် တတ်နိုင်သမျှ အတူနိုင်ဆုံး ဖြစ်အောင် ရေးဆွဲထားကြောင်း၊ လှုစွမ်းကောင်းဆန်ဆန် စိတ်လှုပ်ရှားဖွယ် အပြည့်နဲ့ ကြောက်စရာအန္တရာယ် တွေ ရင်ဆိုင်ရမှာဖြစ်ကြောင်း ညွှန်းဆိုထားပါတယ်။

## ဆက်ဆံရေးနယ်ပယ်ကျယ်ပြန့်ခြင်း

Online ပေါ်မှာ ကစားသူ character အချင်းချင်းသာမကဘဲ ရွေးချယ်ကစားလို့မရတဲ့ Non Playable Character (NPCs)တွေနဲ့လည်း စကားစမြည် ပြောဆိုဆက်သွယ်နိုင်ပြီး အဲဒီလို NPC တွေနဲ့ အချစ်ရေးကိစ္စတွေအထိ ဆက်ဆံနိုင်တယ်လို့ သိရပါတယ်။ Gameplayကို ပိုမိုကောင်းမွန်စေတဲ့ အချက်တစ်ချက်ကတော့ game အတွင်း စကားပြောခန်းတွေဟာ အသံ၊ အမူအရာ အစုံအလင်ပါဝင်ပြီး Mass Effect game series မှာ အသုံးပြုခဲ့တဲ့စနစ်အတိုင်း ရေးဆွဲထားပါတယ်။ Gameplay ပုံစံကို အကြမ်းဖျင်းရှင်းပြရရင် ယခင်က ထွက်ရှိခဲ့တဲ့ Mass Effect နဲ့ Star Wars : Knights of the Old Republic တို့ရဲ့ gameplay ပုံစံတွေကို ပေါင်းစပ်ထားပြီး Dragon Age Origins မှ geature တချို့နဲ့အတူ ထူးခြားဆန်းသစ်ထားတဲ့ geature တွေ ထည့်သွင်းထားတဲ့ MMORPG တစ်ခုလို့ ဆိုရပါမယ်။

## စောင့်မျှော်သူများတဲ့ game

The Old Republicကို ၂၀၀၈ ခုနှစ်ကတည်းက စတင်ရေးဆွဲနေပြီဖြစ်ကြောင်း ကြေငြာခဲ့ပြီး နှစ်စဉ်ကျင်းပနေကျ game ပြပွဲကြီးတွေမှာ အလျှဉ်းသင့်သလို ပါဝင်ပြသခဲ့တာကြောင့် တကယ်တမ်းထွက်ရှိလာမယ့် ၂၀၁၁ ခုနှစ် ဒုတိယနှစ်ဝက်ကို မျှော်လင့်စောင့်စားနေကြတဲ့ gamer တွေအတွက်တော့ စိတ်ဝင်စားမှု အထွတ်အထိပ်ကို ရောက်ရှိနေကြပါပြီ။ ဒီလိုမျိုး ပရိသတ်တွေကို ဆွဲဆောင်နိုင်ဖို့ Bioware ကုမ္ပဏီဟာ Star Wars ဇာတ်လမ်းတွေကို ပိုင်ဆိုင်ထားတဲ့ Lucas Arts၊





ကာတွန်းစာစောင်တွေနဲ့ နာမည်ကျော်လှတဲ့ Dark Horse Comics တို့နဲ့ ပူးပေါင်းပြီး The Old Republic ရဲ့ အစောပိုင်း နောက်ခံဇာတ်လမ်းတွေကို ကြိုတင်ထုတ်ဝေထားခဲ့ပါတယ်။

Bioware ကုမ္ပဏီကြီးမှာ game မရေးဆွဲခင်ကတည်းက Star Wars: The Old Republic အတွက် စာရေးဆရာ ၁၂ ဦး အဖွဲ့က ကြိုတင် ဇာတ်လမ်းရေးသားနေတာဟာ အချိန် ၂ နှစ်ကျော်ခန့်ရှိပြီး ဖြစ်တယ်လို့ သိရပါတယ်။ WebComics ဇာတ်လမ်းတွဲတွေအဖြစ် ထွက်ရှိလာတဲ့ Star Wars: The Old Republic - Threat of Peace နဲ့ Star Wars: The Old Republic - Blood of the Empire တို့ဟာ အတော်လေး လူကြိုက်များခဲ့ပါတယ်။

ဝတ္ထုအနေနဲ့ ထုတ်ဝေခဲ့တဲ့ စာအုပ်တွေကတော့ ၂၀၁၀ ခုနှစ်မှာ Fatal Alliance၊ ၂၀၁၁ ခုနှစ် အတွင်းမှာ Deceived နဲ့ Revan ဖြစ်ပါတယ်။ နိုင်ငံတကာမှာ အများအပြားရှိနေတဲ့ Star Wars Fan ပရိသတ်တွေဟာ ယင်းကာတွန်း စာစောင်တွေနဲ့ ဝတ္ထုစာအုပ်တွေကို ဖတ်ရှုဖို့သက်သက်မဟုတ်၊ တစ်သက်စာအတွက် ဝယ်ယူသိမ်းဆည်းသူတွေ ဖြစ်ကြပါတယ်။

၂၀၀၉ ခုနှစ် ဇွန်လ ၁ ရက်နေ့က ပြုလုပ်ခဲ့တဲ့ EA ရဲ့ E3 စာနယ်ဇင်းရှင်းလင်းပွဲမှာ ဒီ game ရဲ့ ပထမဆုံး trailer ကို ပြသခဲ့ပြီး စက်တင်ဘာလ ၂၉ ရက်နေ့မှာတော့ နိုင်ငံတကာ game အသိုင်းအဝိုင်းတွေက ဘယ်သူမဆို game tester အဖြစ် ပါဝင်စမ်းသပ် ဆော့ကစားနိုင်ဖို့ online လျှောက်လွှာတွေ လက်ခံနေပြီဖြစ်ကြောင်း ထုတ်ပြန်ကြေငြာခဲ့ပါတယ်။ ဒါပေမဲ့ ဝင်ရောက်လျှောက်ထားသူ များပြားလွန်းတာကြောင့် မိနစ် အနည်းငယ်အတွင်းမှာပဲ traffic ဖြစ်ကာ website တစ်ခုလုံး ရပ်သွားခဲ့ဖူးပါတယ်။

၂၀၁၀ ခုနှစ်မှာကျင်းပခဲ့တဲ့ E3 ပြပွဲကြီးမှာတော့ Star Wars: The Old Republic ဟာ တကယ်တမ်း game မထွက်ရှိသေးပေမယ့် game trailer တွေအရ အကောင်းဆုံး RPG ဆုနဲ့ အကောင်းဆုံး gnline game ဆုတို့ကို ကြိုတင်ရရှိ ထားခဲ့ပါတယ်။ ဒီလိုအချက်တွေကို အသေအချာလေ့လာကြည့်ရင် The Old Republic ဟာ နိုင်ငံတကာက gamer တွေကို ဘယ်လောက် လွှမ်းမိုးထားနိုင်မယ်ဆိုတာ ခန့်မှန်းသိရှိနိုင်ပါတယ်။ ဒီလို game ကို ဘာတွေပဲဖြစ်ဖြစ်၊ ဘယ်အချိန်ပဲထွက်ထွက် Star Wars Fan တွေကတော့ အနှစ်နှစ်အလလ သိမ်းထားခဲ့ရတဲ့ Light-saber တွေ ပြန်ထုတ်သုံးခွင့်ရပါပြီ။ မြန်မာ gamer တွေ အနေနဲ့လည်း ဒီလိုမျိုး လွှမ်းမိုးမှု အားကောင်းလှတဲ့ Star Wars game မျိုးကို တကယ်တမ်း ထွက်ရှိလာချိန်မှာ စမ်းသပ်ကြည့်ခွင့် ရှိစေချင်ပါတယ်။

MJD (4AM Digital Services)

